# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 1 , 2023 Volume 67, Number 1

၁.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၂၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၈.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၃.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၈၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၅.၃၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၀၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## Guangdong and Macao Branded Products Fair 2023 (GMBPF) သို့ မြန်မာနိုင်ငံမှစီးပွားရေးလုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

မကာအိုအထူးအုပ်ချုပ်ရေးဒေသ၊ မကာအိုမြို့ရှိ Galaxy International Convention Center ၌ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ (၁၅) ကြိမ်မြောက် ကျင်းပပြုလုပ်မည့် မကာအိုနှင့်ကွမ်တုံဒေသ ကုန်အမှတ်တံဆိပ် ထုတ်ကုန်ပြပွဲ- ၂၀၂၃ ( 15th Guangdong and Macao Branded Products Fair 2023–GMBPF ) သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲ၌ မြန်မာ့စားသောက်ကုန်နှင့် အဖျော်ယမကာထုတ်ကုန်များ၊ အိမ်သုံးပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာနှင့် အခြားကုန်စည်များအား လာရောက်ပြသနိုင်မည်ဖြစ်ပြီး ကွမ်တုံ-ဟောင်ကောင်-မကာအိုဒေသနှင့် မြန်မာနိုင်ငံတို့အကြား ခရီးသွားလာရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်မည်ဖြစ်ကာ အပြန်အလှန် စီးပွားရေးချိတ်ဆက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအား ဗဟိုပြု၍ တရုတ်နိုင်ငံနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတစ်လျှောက်ရှိ အာဆီယံ နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်၊ GMBPF ပြပွဲ၏ မြန်မာနိုင်ငံဆိုင်ရာပြခန်းတွင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအတွက် ပြခန်းပေါင်း (၂၀) ခန်း ရရှိမည်ဖြစ်ကြောင်း၊ ပြခန်း (၁) ခန်းအတွက် မကာအိုဒေါ်လာ ၁,၄၀၀ (အမေရိကန်ဒေါ်လာ ၁၇၄.၄၅) ကို ပေးသွင်းရမည်ဖြစ်ကြောင်း၊ ပါဝင်ပြသသူ (၁) ဦးလျှင် ပြခန်း(၁)ခန်း ရရှိမည်ဖြစ်ကြောင်းနှင့် ခွင့်ပြုထားသော ပြခန်း (၁) ခန်းစီအတွက် လာရောက်ပြသမည့် ကုန်စည်များတင်ပို့ရန် (အပြန်သယ်ယူပို့ဆောင်စရိတ်မပါ) မကာအိုဒေါ်လာ ၃,၀၀၀ ထောက်ပံ့မည်ဖြစ်ကြောင်းနှင့် အဆိုပါထောက်ပံ့ငွေများအား ပြပွဲစီစဉ်သူများထံ ကုန်တင်ပို့မှုပြေစာများပြသ၍ ပြန်လည်ထုတ်ယူနိုင်ကြောင်း သိရှိရသည်။

ပြပွဲလာရောက်သူများအတွက် သတ်မှတ်ထားသည့် ဟိုတယ်များတွင် (၅) ညတာ တည်းခိုနေထိုင်ရန်နှင့် သတ်မှတ်ဟိုတယ်နှင့် ပြပွဲခန်းမအကြားသွားရောက်ရန် မော်တော်ယာဉ်စီစဉ်ပေးထားမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက် ပြသနိုင်ကြောင်း သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မေလ ၂၀ ရက်မှ ၂၆ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ထောပတ်ပဲ၊ ရွှေဖရုံသီး၊ သရက်သီး၊ ဆန်ကွဲနှင့် ကြိမ်များ တင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၂၃၄၅၉၄၅.၃၇ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မေလ ၁၃ ရက်မှ ၁၉ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၄၄၈၅၉၃၉.၂၄ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၁၃၉၉၉၃.၈၇ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၂၀ ရက်မှ ၂၆ ရက်နေ့အတွင်း လယ်ထွန်စက်များ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သားရေ/ သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ ဓါတုဗေဒချည်ခင်များ၊ သံပိုက်၊ မြက်ခင်းတုနှင့် ကားတာယာများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၀၇၅၃၃၅.၂၅ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မေလ ၁၃ ရက်မှ ၁၉ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၁၂၀၆၉၀၅.၀၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၃၁၅၆၉.၇၅ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၂၇၀၆၁၀၉.၆၂ ကန်ဒေါ်လာ ပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၇ ယွမ် ဖြစ်ပြီး၊ ၁ ယွမ် လျှင် မြန်မာကျပ်ငွေ ၂၉၆.၇၃ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုံဟိုင်ဒွာန**

## မန္တလေးကုန်စည်ဒိုင် ပြောင်းဖူးစေ့ ဈေးနှုန်းကျဆင်းလာ

မေလနောက်ဆုံးပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်ဘက်မှ ပြောင်းဖူးစေ့များ ဝင်ရောက်လျှက်ရှိကြောင်း၊ တိရိစ္ဆာန်အစာတောင့်စက်ရုံများနှင့် ရန်ကုန်ဝယ်လက်မှ ဝယ်ယူမှုရှိသော်လည်း ပြည်ပတင်ပို့မှုမရှိခြင်းနှင့် ပြောင်းအသစ်များ ဝင်ရောက်မှုများခြင်းတို့ကြောင့် ဈေးနှုန်း ကျဆင်းသွားခြင်းဖြစ်ကြောင်း ဝယ်လိုအားကျဆင်းသွားခြင်း မဟုတ်သည့်အတွက် မကြာခင် ပြောင်းဈေးပြန်တက်လာမည် ဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်သတင်းများအရသိရသည်။

ရှမ်းပြောင်းဖူးစေ့ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၉၀၀၀ မှ ၆၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၆၁၅၀၀ မှ ၆၂၀၀၀၊ ယခင်လ ကျပ် ၆၁၀၀၀ မှ ၆၁၅၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၂၅၀၀၊ ယခင်လထက် ကျပ် ၁၅၀၀ မှ ၂၀၀၀ နိမ့်ကျလာသည်။

စီပီပြောင်း ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၆၀၀၀၀ မှ ၅၉၀၀၀၊ ယခင်တစ်ပတ် ကျပ် ၆၁၅၀၀ မှ ၆၂၀၀၀၊ ယခင်လ ကျပ် ၆၁၀၀၀ မှ ၆၁၅၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၂၅၀၀ ၊ ယခင်လထက်ကျပ် ၁၅၀၀ မှ ၂၀၀၀ နိမ့်ကျလာသည်။

ဇမာပြောင်းဖူးစေ့ ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၈၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၆၀၀၀၀ မှ ၆၀၅၀၀၊ ယခင်လ ကျပ် ၅၉၀၀၀ မှ ၆၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၂၅၀၀ ၊ ယခင်လ ထက် ကျပ် ၁၀၀၀ မှ ၂၀၀၀ နိမ့်ကျလာသည်။

**Source: ရတနာပုံကုန်သွယ်မှုဇုံဟိုင်ဒွာန**

## ဟိုင်နန်အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသအစားအစာများဆိုင်ရာ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ် Hainan International Convention and Exhibition Center ၌ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပထမအကြိမ် ကျင်းပပြုလုပ်မည့် ဟိုင်နန်အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ အစားအစာများဆိုင်ရာ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲ၌ နိုင်ငံတကာအဆင့်မီ ပြခန်းပေါင်း (၂၅၀၀) ပါဝင်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံမှ ဒေသထွက် စားသောက်ကုန်များ ပါဝင်ပြသနိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%

## အိန္ဒိယနိုင်ငံ၏စီးပွားရေးအခြေအနေသည် ငွေဖေါင်းပွမှုလျော့ကျလာပြီး အတက်ဖက်သို့ ဦးတည်လျက်ရှိဟု ဗဟိုဘဏ်ပြောကြား




အိန္ဒိယနိုင်ငံ၏ စီးပွားရေးအခြေအနေသည် ငွေကြေးဖေါင်းပွမှုနှုန်း ကျဆင်းလာသည့်အတွက် ဆက်လက်တိုးတက်လျက်ရှိမည်ဟု အိန္ဒိယဗဟိုဘဏ်က ထုတ်ပြန်ပြောကြားလိုက်သည်။ အယ်နီညိုရာသီဥတုကြောင့် ထိခိုက်မှုအနည်းငယ်ရှိခဲ့သော်လည်း နိုင်ငံ၏ငွေကြေးဖေါင်းပွမှုနှုန်းမှာ ယခင်နှစ်က ပျှမ်းမျှ ၆ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ၅ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားဖွယ်ရှိသည်ဟု ဗဟိုဘဏ်ကခန့်မှန်းထားသည်။ ကမ္ဘာ့စီးပွားရေးအခြေအနေတွင် စိန်ခေါ်မှုများရှိနေဆဲဖြစ်သော်လည်း အိန္ဒိယနိုင်ငံအနေဖြင့် စီးပွားရေးနှင့်ဘဏ္ဍာရေးအခြေအနေ တည်ငြိမ်လျက်ရှိသည်ဟု ဗဟိုဘဏ်က မကြာသေးမီက ထုတ်ပြန်လိုက်သည့် နှစ်စဉ်အစီရင်ခံစာ၌ ဖော်ပြထားသည်။

လာမည့်ဘဏ္ဍာနှစ်တွင် နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၆ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ၎င်းက ခန့်မှန်းထားသည်။ ကမ္ဘာ့စားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများကျဆင်းလာခြင်း၊ နိုင်ငံ၏သီးနှံထွက်ရှိမှုနှုန်း တိုးတက်လာဖွယ်ရှိခြင်းနှင့် ဝန်ဆောင်မှုကဏ္ဍတိုးတက်လာခြင်း၊ အစိုးရက ငွေလုံးငွေရင်းအသုံးစရိတ်များ ပိုမိုသုံးစွဲလာခြင်း စသည့်အချက်များကြောင့် ဖြစ်သည်ဟုဆိုသည်။ အိန္ဒိယနိုင်ငံသည် လွန်ခဲ့သောငါးနှစ်တာ ကာလအတွင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ ၁၂ ရာခိုင်နှုန်းကျော်ကို ပံ့ပိုးပေးလျက်ရှိသည့်အတွက် ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှုနှုန်း အမြန်ဆုံးနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်သည်ဟု ဗဟိုဘဏ်၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ယင်းသို့ငွေကြေးဖေါင်းပွမှုနှုန်း လျော့ကျလာရခြင်းမှာ အစိုးရ၏ငွေကြေးမူဝါဒပိုင်းမှ ဆောင်ရွက်ချက်များနှင့် ငွေကြေးပမာဏကို ထိထိရောက်ရောက် စီမံခန့်ခွဲလုပ်ကိုင်နိုင်သည့်အတွက် ဖြစ်သည်ဟုဆိုသည်။ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် ကပ်ရောဂါကျရောက်စဉ်ကာလက မြင့်တက်ခဲ့သော ကြွေးမြီနှင့်လိုငွေပြမှုများကိုလျှော့ချနိုင်ရန် ကြိုးပမ်းအားထုတ်လုပ်ဆောင်ခဲ့သည့်အတွက် စီးပွားရေးတည်ငြိမ်မှုရှိရန် အထောက်အကူပြုခဲ့သည်ဟု ဗဟိုဘဏ်ကပြောကြားခဲ့သည်။ လာမည့် ဘဏ္ဍာနှစ်တွင် အစိုးရ၏ ငွေလုံးငွေရင်းအသုံးစရိတ်ကြောင့် ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာဖွယ်ရှိကြောင်း ၎င်းက ခန့်မှန်းထားသည်။

ဝန်ဆောင်မှုပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ပြီး သွင်းကုန်အတွက် ကုန်ကျစရိတ်များ လျှော့ချနိုင်သည့်အတွက် နိုင်ငံ၏ ပြည်ပငွေပေးငွေယူရှင်းတမ်း သာမန်စာရင်းတွင် လိုငွေပြမှု လျော့ကျလာဖွယ်ရှိသည်ဟု အိန္ဒိယဗဟိုဘဏ်က ခန့်မှန်းသည်။ သို့သော် ဆက်လက်ဖြစ်ပေါ်လျက်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေမှာမူ ခန့်မှန်းတွက်ချက်ရန် မလွယ်ကူသေးဟုဆိုသည်။ သံနှင့်သံမဏိ၊ ဘိလပ်မြေထုတ်လုပ်မှု ကိန်းဂဏန်းများ တည်ငြိမ်မှုရှိနေသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက်တိုးတက်လာဖွယ်ရှိသည်ဟု ၎င်း၏အစီရင်ခံစာ၌ ဖော်ပြထားပါသည်။

**Source: The Times of India**

**(စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2031052023%2019:%2023

## တရုတ်နိုင်ငံထုတ်ကားများ၏ စွမ်းဆောင်ရည်ကောင်းမွန်မှုနှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားမှုတို့ကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ကားတင်ပို့မှုဈေးကွက်ကို ထိခိုက်မှုရှိလာနိုင်ခြင်း

ယခင်က တရုတ်နိုင်ငံထုတ်ကားများအား နာမည်ကြီးတံဆိပ်များကို တုပထားသည့် ဈေးပေါသောကားများဟု အသိအမှတ်ပြုခံထားရသော်လည်း ယခုအခါ တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများအပါအဝင် စက်သုံးဆီအသုံးပြုသည့် ကားအမျိုးအစားများသည် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားသည့်အပြင် စွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့် ကမ္ဘာ့ကားဈေးကွက်တွင် အသိအမှတ်ပြုခံနေရပါသည်။ အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားကိုလျှော့ချရန် ငွေကြေးဖောင်းပွနှုန်းလျှော့ချမှုအက်ဥပဒေ (Inflation Reduction Act– IRA) ကို ပြဌာန်းအကောင်အထည်ဖော်နေသည့်တိုင်အောင် တရုတ်နိုင်ငံ၏ ကားဈေးကွက်သည် ဆက်လက်တိုးတက်နေသည့် အပြင် လာမည့်နှစ်များတွင် တောင်ကိုရီးယားနိုင်ငံရှိ Hyundai Motor နှင့် Kia တို့၏ ဥရောပနှင့် အခြားသောကမ္ဘာ့နိုင်ငံများ၏ ကားဈေးကွက်တွင် ရရှိပြီးဖြစ်သည့် ဈေးကွက်ဝေစုကိုပါ ထိခိုက်မှုရှိလာနိုင်သည်ဟု တောင်ကိုရီးယားနိုင်ငံရှိ ကားထုတ်လုပ်သူများအသင်း (Korea Automobile Manufacturers Association – KAMA) က ပြောကြားပါသည်။ ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်တွင် တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံကို သာလွန်ကာ ကမ္ဘာ့ကားတင်ပို့မှု အများဆုံးနိုင်ငံဖြစ်လာပြီး ကားအစီးရေ စုစုပေါင်း ၉၉၄,၀၀၀ စီး တင်ပို့နိုင်ခဲ့ပါသည်။ ယင်းကာလတွင် ဂျပန်နိုင်ငံသည် ကားအစီးရေ စုစုပေါင်း ၉၅၄,၀၀၀ စီးသာ တင်ပို့နိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံမှ တင်ပို့ခဲ့သောကားများမှာ ခရီးသည်တင် ဘတ်စ်ကားများ၊ ကုန်တင်ထရပ်ကားများ အပါအဝင် လုပ်ငန်းသုံးယာဉ်များ တင်ပို့ခဲ့ရကြောင်း၊ တင်ပို့ခဲ့သောကားများ၏ ၈၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံတံဆိပ် (Brand) သီးသန့်ကားများသာဖြစ်ပါကြောင်း KAMA က ပြောကြားပါသည်။

၂၀၂၂ ခုနှစ်အတွင်းက တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယမြောက်ကားတင်ပို့မှု အများဆုံးနိုင်ငံသာဖြစ်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်၊ ဧပြီလမှစ၍ ကမ္ဘာ့ကားတင်ပို့မှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံ ကားလုပ်ငန်းရှင်များသည် ပြည်တွင်းဈေးကွက် ဝယ်လိုအားကို ပြည့်ပြည့်ဝဝဖြည့်ဆည်းပြီးဖြစ်သည့်အတွက် ပြည်ပဈေးကွက်ကို တင်ပို့ရေးအားစိုက်သွားမည်ဟု ကြေငြာခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ Hyundai Motor သည် ထွန်းသစ်စ ဈေးကွက်များကို အားထားတင်ပို့ခဲ့ရာ တင်ပို့မှုနှုန်းမြင့်မားခဲ့သော်လည်း တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့မှုနှုန်းကျဆင်းခဲ့ကြောင်း၊ Hyundai Motor ကားများ အမေရိကန်ပြည်ထောင်စုဈေးကွက်တွင် အခြေအနေကောင်းနေသော်လည်း ဥရောပဈေးကွက်တွင်မူ တရုတ်နိုင်ငံထက် အနည်းငယ်နောက်ကျကျန်နေကြောင်း၊ တရုတ်နိုင်ငံ၏ ကားတင်ပို့မှုစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းသည် ဥရောပဈေးကွက်သို့ တင်ပို့နေပါကြောင်း Korea Automotive Technology Institute က ပြောကြားပါသည်။

၂၀၂၂ ခုနှစ်မှစ၍ တရုတ်နိုင်ငံ၏ ကားတင်ပို့မှုဈေးနှုန်းများ မြင့်မားလာခဲ့ပြီး ယခင်က တန်ဖိုးနည်းကားများ တင်ပို့ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် တင်ပို့သည့်ကားတစ်စီးပျမ်းမျှ ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကျော် ရရှိလာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များအတွင်း ကားတစ်စီးတင်ပို့မှု ပျမ်းမျှနှုန်းထားများမှာ အမေရိကန်ဒေါ်လာ ၁၂,၉၀၀ နှင့် ၁၆,၄၀၀ စီသာရရှိခဲ့ပါသည်။ တရုတ်နိုင်ငံသည် စက်သုံးဆီသုံးကားများသာမက လျှပ်စစ်ကားများကိုပါ တင်ပို့လျက်ရှိသည့်အတွက်

တောင်ကိုရီးယားကားကုမ္ပဏီများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားတွင် အားနည်းပါကြောင်း၊ တရုတ်နိုင်ငံတွင် ပြည်ပကားကုမ္ပဏီများဖြစ်သည့် Tesla၊ Mercedes-Benz နှင့် Volvo စသည့် နိုင်ငံခြားကုမ္ပဏီများရှိကြပြီး ပြည်ပပို့ကုန်ဈေးကွက်ကို နေရာယူထားကြကြောင်း၊ Tesla သည် ပြည်ပတင်ပို့မှု တတိယမြောက်အများဆုံးဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံမှ Tesla ကားအစီးရေ ၂၇၀,၀၀၀ တင်ပို့ခဲ့ရကြောင်း Korea Automotive Technology Institute မှ Mr. Lee Hang-koo က ပြောကြားပါသည်။

အထောက်အပံ့ကွင်းဆက်များ အားကောင်းသည့် တရုတ်နိုင်ငံရှိ ကားကုမ္ပဏီများသည် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ နည်းပါးချိန်တွင် အခွင့်အရေးကို အရယူနိုင်ခဲ့ခြင်းက ကားတင်ပို့မှုဈေးကွက်ကို ချဲ့ထွင်နိုင်စေခဲ့ကြောင်း China Automobile Dealers Association (CADA) က မကြာသေးခင်က ထုတ်ပြန်သော အစီရင်ခံစာတွင်ဖော်ပြထားပါသည်။

ကမ္ဘာ့ကားထုတ်လုပ်မှု အများဆုံးဖြစ်သည့် တရုတ်နိုင်ငံ၏ ကားတင်ပို့မှုသည် ဆက်လက်တိုးတက်လာမည်ဖြစ်ပြီး အထူးသဖြင့် လျှပ်စစ်ကားများ (EVs) ကို ဥရောပဈေးကွက်သို့ တင်ပို့၍ဈေးကွက်ရယူရန် ရည်ရွယ်ချက်ထား ဆောင်ရွက်နေပါသည်။ လျှပ်စစ်ကားများ အဓိကထားထုတ်လုပ်သည့် တရုတ်နိုင်ငံ၏ BYD Company သည် ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်အတွင်း ကမ္ဘာ့ဈေးကွက်သို့ တင်ပို့မှုသည် ယခင်နှစ် အလားတူကာလကထက် ၉၃ ရာခိုင်နှုန်း မြင့်မားလာခဲ့ပြီး ကားအစီးရေ ၅၅၂,၀၇၆ တင်ပို့ခဲ့ရပါသည်။

**စီးပွားရေးသံမှူး၊ ဆိုးလ်**

https://myantrade.gov.mm/article/Naypyitawstp_310520230310

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ယခုနှစ်တွင် သရက်သီးတန်ချိန်(၄၀၀၀)ဖြင့် နှစ်ဆတင်ပို့နိုင်ခဲ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံစိုက်ပျိုးပညာပေးရေးဌာနသည် ယခုနှစ်ရာသီတွင် ပြည်ပတင်ပို့နိုင်မည့် သရက်သီးတန်ချိန် (၁၀၀၀၀) ထုတ်လုပ်နိုင်ရန် ချမှတ်ဆောင်ရွက်ထားရှိပါသည်။ သစ်သီးဝလံတင်ပို့သူများအနေဖြင့်လည်း နိုင်ငံ၏အမျိုးသားအဆင့် သစ်သီးဝလံကို လက်ရှိဘဏ္ဍာရေးနှစ် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ယခင်နှစ်တင်ပို့ခဲ့သည့် (၁၇၅၇)တန်ထက် နှစ်ဆကျော်ဖြင့် တန်ချိန် (၄၀၀၀)တင်ပို့ရန် ရည်ရွယ်ထား ရှိကြပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခင်နှစ်က Khirshapat, Gopalbhog, Himsagar, Langra, Amrapali အမျိုးအစားများ အပါအဝင် သရက်သီးအမျိုးအစား(၇)မျိုးကို တင်ပို့နိုင်ခဲ့ကာ ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ (၂၃၆,၀၂၇) ရရှိခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရက စိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သော သရက်သီးပို့ကုန်များအပေါ် ၂၀ ရာခိုင်နှုန်း ငွေကြေးထောက်ပံ့မှုပြုလုပ်ပေးကြောင်း သိရှိရပါသည်။

**Source: dailyindustry.new**

https://myantrade.gov.mm/article/%E1%80%98%E1%80%84%E1%80%BA%E1%80%B9%E1%%

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမ ၂ လအတွင်း နယ်စပ်ကန့်သတ်ချက်များကြောင့် ပို့ကုန်လျော့ကျ




ယခု ၂၀၂၃-၂၄ ဘဏ္ဍာနှစ်ရဲ့ ပထမ ၂ လဖြစ်တဲ့ ဧပြီလနဲ့ မေလအတွင်းမှာ နယ်စပ်ကန့်သတ်ချက်များကြောင့် ယခင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထက် ပို့ကုန်လျော့ကျလာတယ်လို့ နယ်စပ်ပို့ကုန် လုပ်ငန်းရှင်များထံမှ သိရပါတယ်။

"၂ လအတွင်း ပို့ကုန်လျော့ကျခဲ့တာဟာ နယ်စပ်ကန့်သတ်ချက်များကြောင့်လည်း ပါတယ်။ ဆန်တင်ပို့မှုမှာ ဗဟိုဘဏ် ငွေကြေးလဲလှယ်မှု ကန့်သတ်ချက်တွေကြောင့် ရာနှုန်းပြည့်မလည်ပတ်နိုင်တဲ့အတွက် ယခင်ဘဏ္ဍာနှစ် ၂ လထက် လျော့နည်းလာတယ်လို့ပဲ မှတ်ချက်ပြုရမှာပါ။ သွင်းကုန်တိုးလာတာကလည်း လျှပ်စစ်ကားနဲ့ ဆက်စပ်ပစ္စည်းတင်သွင်းမှုတွေ များလာတယ်လို့ပဲ မှတ်ချက်ပြုပြောလိုပါတယ်"လို့ နယ်စပ်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားပါတယ်။

ယခု ဘဏ္ဍာနှစ်ရဲ့ ဧပြီလ ၁ ရက် မှ မေလ တတိယအပတ် ၁၉ ရက်နေ့အထိ ပင်လယ်ရေကြောင်း၊ နယ်စပ်စတဲ့ လမ်းကြောင်း ၂ ခုရဲ့ ပို့ကုန် ကုန်သွယ်မှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁,၅၉၆ ဒသမ ၉၂၃ သန်းရှိခဲ့ပြီး ယခင် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်ကာလတူမှာတော့ အမေရိကန်ဒေါ်လာ ၂,၀၃၂ ဒသမ ၁၈၁ သန်းရရှိခဲ့တဲ့အတွက် အခုဘဏ္ဍာနှစ်မှာ အမေရိကန် ဒေါ်လာ ၄၃၅ ဒသမ ၂၅၈ ဖိုးလျော့ကျခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရပါတယ်။

ပြည်ပ သွင်းကုန်ကဏ္ဍကို ကြည့်ပါက ယခု ဘဏ္ဍာနှစ် ၂၀၂၃-၂၄ ဧပြီလမှ မေလ ၁၉ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၂,၄၄၂ ဒသမ ၇၆၅ သန်း ရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ ကာလတူမှာတော့ အမေရိကန်ဒေါ်လာ ၂,၀၄၀ ဒသမ ၈၃၅ သန်း ရှိခဲ့တဲ့အတွက် ၄၀၁ ဒသမ ၉၃၀ သန်းအထိ သွင်းကုန် ပိုမိုဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ ပြည်ပ ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှု ပမာဏ စုစုပေါင်းဟာ အခုဘဏ္ဍာနှစ် ၂ လအတွင်းမှာ အမေရိကန်ဒေါ်လာ ၄,၀၃၉ ဒသမ ၆၈၈ သန်းထိရရှိခဲ့ပြီး ၂၀၂၂-၂၃ ဘဏ္ဍာနှစ်ကာလတူမှာတော့ ၄,၀၇၃ ဒသမ ၀၁၆ သန်းရရှိခဲ့တဲ့အတွက် ယခင်နှစ်ထက် အမေရိကန် ဒေါ်လာ ၃၃ ဒသမ ၃၈၂ သန်း လျော့ကျခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ပို့ကုန်ပစ္စည်းများတွင် လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်းနဲ့ စက်မှုကုန်ချောပစ္စည်းများပါဝင်ပြီး သွင်းကုန်ပစ္စည်းများတွင် ဆေးဝါး၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ကား၊ ယာဉ်အပိုပစ္စည်းနဲ့ ဆက်စပ်ပစ္စည်း ဓာတ်မြေသြဇာ၊ ဘိလပ်မြေနဲ့ အလှကုန်ပစ္စည်းများ ပါဝင်ပါတယ်။

ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။

**Source: https://t.me/htwettoe**

## ငှက်ပျောသီးတစ်ဖီးလျှင် လေးထောင်ကျပ်အထိ ဈေးမြင့်တက်




သဘာဝဘေးန္တရာယ်ကြောင့် ထိခိုက်မှုရှိခဲ့သောကြောင့် ပြည်တွင်းစားသုံးသူဈေးကွက်တွင် ငှက်ပျောသီးတစ်ဖီးလျှင် ငွေကျပ် လေးထောင်အထိ ဈေးနှုန်း မြင့်တက်နေကြောင်း ရန်ကုန်မြို့ရှိ ငှက်ပျောသီးတင်ပို့ ရောင်းချသူများထံမှ သတင်းရရှိသည်။

ပြည်တွင်းစားသုံးသူဈေးကွက်တွင် ဖီးကြမ်း၊ သီးမွှေး၊ ရွှေနီငှက်ပျော၊ ရခိုင်ငှက်ပျောများ အရောင်းဝယ်ဖြစ်နေပြီး ယင်းငှက်ပျောသီး တစ်ဖီးဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ငှက်ပျောသီးတစ်ဖီးလျှင် ငွေကျပ် ၁၅၀၀ ကျပ် မှ ၂၅၀၀ ကျပ်အတွင်း ဈေးခုန်တက်လာကြောင်း သိရှိရသည်။

ဖီးကြမ်း တစ်ဖီးလျှင် ယခင်က ၁၈၀၀ ကျပ်နှင့် ၂၅၀၀ ကျပ်အကြားရှိရာမှ ယခုဆိုလျှင် တစ်ဖီးလျှင် ၁၈၀၀ ကျပ်နှင့် ၃၅၀၀ ကျပ်အကြား၊ သီးမွှေးငှက်ပျောသီးတစ်ဖီးလျှင် ယခင်က ဈေးအမြင့်ဆုံး ၂၅၀၀ ကျပ်ရှိရာမှ ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး ၁၀၀၀ ကျပ်နှင့် ၄၀၀၀ ကျပ်အကြား၊ ရွှေနီငှက်ပျောသီးတစ်ဖီးလျှင် ယခင်က ဈေးအမြင့်ဆုံး ၃၀၀၀ ကျပ်ရှိရာမှ ပစ္စည်းအရည်သွေးပေါ်မူတည်ပြီး ၁၅၀၀ ကျပ်မှ ၄၅၀၀ကျပ်၊ ရခိုင်ငှက်ပျောတစ်ဖီးလျှင် ယခင်က ၄၀၀ ကျပ်နှင့် ၅၀၀ ကျပ်ရှိရာမှ ၁၃၀၀ ကျပ်အထိ ဈေးမြင့်တက်လာကြောင်း ပြည်တွင်းငှက်ပျောသီး ဈေးကွက်မှ သတင်းရရှိသည်။

"အရင်က ငှက်ပျောသီးတစ်ဖီးမှ ၁၅၀၀ ကျပ်ပဲရှိတာ ရောင်းလို့အဆင်ပြေတယ်။ အခုတော့ဗျာ ငှက်ပျောတစ်ဖီး လေးထောင်ကျပ်အထိ ဖြစ်လာတော့ တစ်ဆင့် ယူရောင်းဖို့ဘယ်လိုမှ အဆင်မပြေတော့ဘူး။ ကျွန်တော်ဆိုရင် ဖီးကြမ်းပဲ ယူရောင်းတော့တယ်။ သီးမွှေးကို မကိုင်နိုင်တော့ဘူး"ဟု ငှက်ပျောသီးလက်လီရောင်းချနေသူ တစ်ဦးကပြောသည်။

ယခုငှက်ပျောသီးဈေးနှုန်းများ တက်ရခြင်းမှာ ယခုနှစ်တွင်မြင့်တက်ခဲ့သော စက်သုံးဆီဈေးနှုန်းများနှင့်လည်း သက်ဆိုင်မှုရှိသည့်အပြင် သွင်းအားစုစရိတ်များ ကြီးမြင့်လာမှုကြောင့် ငှက်ပျောစိုက်ပျိုးသူတောင်သူများလျော့ နည်းလာသည့်နှင့်လည်း သက်ဆိုင်မှုရှိကြောင်း၊ ထို့ပြင် ယခုနှစ်တွင်း တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းနှင့် ဧပြီ ၂၁ ရက်နေ့တွင် နေပြည်တော်တွင် တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းကြောင့် ငှက်ပျောစိုက်ခင်း ဧကေါင်းသောင်းကျော် ပျက်စီးခဲ့ရကြောင်း ငှက်ပျောစိုက်ပျိုးသူများထံမှ သတင်းရရှိသည်။

"အရင်က ရန်ကုန်ကို တစ်ရက် ငှက်ပျောကား ၄ စီး၊ ငါးစီးဝင်တယ်။ အခုတစ်ပတ်ကို နှစ်စီးပဲဝင်တော့တယ်။ ဈေးကွက်မှာက ဝယ်လိုအားနဲ့ရောင်းလိုအားက မမျှတော့ ကုန်ပစ္စည်းက ဈေးတက်လာတာပေါ့။ ဒီနှစ်က သဘာဝ ဘေးအန္တရာယ်ဖြစ်တာကတစ်ကြောင်း၊ စိုက်တဲ့သူနည်းတာက တစ်ကြောင်းကြောင့် ငှက်ပျောအထွက်နှုန်းလျော့တယ်။ အဲဒါကြောင့် ဈေးတက်တာပါ "မြန်မာနိုင်ငံငှက်ပျောသီးလုပ်ငန်းရှင်အသင်းမှဥက္ကဋ္ဌ မန်းသန်းဌေးကပြောသည်။

နေပြည်တော်နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ထွက်ရှိမည် ငှက်ပျောသီးများ ဇူလိုင်လတွင် ငှက်ပျောသီး ဈေးနှုန်းများကျဆင်းလာနိုင်ဖွယ်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်မံပြောသည်။

မြန်မာနိုင်ငံတွင် ငှက်ပျောစိုက်ဧက ၄ သိန်းကျော်ရှိသည့်အနက် ဒေသတွင်း စားသုံးမှု မြင့်မားသည့် ငှက်ပျောစိုက်ဧက ၂ သိန်းကျော်ရှိသည်။ ပြည်တွင်းစားသုံးသူ မြင့်မားသည့် ငှက်ပျောကို ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် စိုက်ပျိုးကြသည်။

ဧရာဝတီတိုင်းဒေသကြီး ငှက်ပျောမျိုးစုံစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖီးကြမ်းကိုသာ အဓိကစိုက်ပျိုးသည်။ နေပြည်တော်တွင် ၁၂ ရာသီ ငှက်ပျောသီး ထွက်ရှိပြီး မန္တလေးတိုင်းဒေသကြီးသည် ဇူလိုင်လတွင် ထွက်ရှိသည်။

**(AMIA)**

**Source: Myanma Awba**

## STOCK EXCHANGE (1.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,115 (Shares) | 38,766,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +200 | +2.50% | 8,000 | 8,200 | 8,000 | 1,706 | 13,812,100 | 33,109,694 | 271,500 |
| MTSH | 00002 | 2,900 | +100 | +3.57% | 2,800 | 2,900 | 2,800 | 7,114 | 19,966,200 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | -100 | -1.35% | 7,300 | 7,300 | 7,300 | 300 | 2,190,000 | 10,400,986 | 75,927 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,400 | 1,450 | 1,400 | 1,995 | 2,798,550 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 1st Jun. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.41 | +5.38 | +1.51% | 354.60 | 361.41 | 354.60 | 11,115 | 38,766,850 | 7 | 636,826 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1st Jun. 2023

| Trading Volume | Trading Value |
|---|---|
| 11,115 (Shares) | 38,766,850 (MMK) |

## Main Board

As of 1:00 pm. 1st Jun. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,115 (Shares) | 38,766,850 (MMK) |

| MYANPIX | 361.41 ▲ 5.38 |
|---|---|
| Total Volume (shares) | 11,115 |
| Total Value (MMK) | 39 mil |
| Listed Company | 7 |
| Market Cap. (MMK) | 636,826 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 200 |
| MTSH | 00002 | 2,900 | ▲ 100 |
| MCB | 00003 | 7,300 | ▼ 100 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR